# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 2 , 2026 Volume 103 , Number 2


| ၂. ၆. ၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၂၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၉.၂၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၈.၁၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၉.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၂ ကျပ် |



CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပခုက္ကူဈေးကွက်၌ မေလ(စတုတ္ထပတ်)တွင် ထောပတ်ပဲ အရောင်းအဝယ်ဖြစ်မှုအခြေအနေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့သည် ပဲမျိုးစုံအရောင်းအဝယ် ဖြစ်လျက်ရှိပြီး မေလတွင် ထောပတ်ပဲများ ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ထောပတ်ပဲကို ပခုက္ကူခရိုင်အတွင်းရှိ ကျွန်းများ၊ ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ပခုက္ကူခရိုင်တွင် ထောပတ်ပဲ စိုက်ပျိုးဧကမှာ (၂၃၀၀) ကျော်ရှိပြီး ရာသီဥတုနှင့် မြေအမျိုးအစားပေါ်မူ တည်၍ တစ်ဧကအထွက်နှုန်းမှာ တင်း(၂၀)မှ (၂၅)တင်းထိ ထွက်ရှိကြောင်း၊ တစ်ဧကလျှင် တစ်တင်း စိုက်ပျိုးရကြောင်း၊ ထောပတ်ပဲကို သီတင်းကျွတ်မှစတင်စိုက်ပျိုးကြပြီး တပေါင်းတန်ခူးတွင် အသီးများ ခူးဆွတ်ရကြောင်း၊ တောင်သူများထံမှ သိရှိသည်။ ထောပတ်ပဲကို စတင်စိုက်ပျိုးချိန်မှစ၍ တစ်လခွဲအကြာတွင် အပွင့်များစတင်ပွင့်ပြီး အပွင့်ပွင့်ချိန်တွင် အသီးအားတိုးဆေး ကောမတ်မြေဩဇာကျွေးရကြောင်း၊ တစ်ဧကလျှင် လုပ်သားခ၊ မျိုးအပါအဝင် ကျပ်(၄)သိန်းကျော် ကုန်ကျကြောင်း စိုက်တောင်သူများထံမှ သိရပါသည်။

ဈေးနှုန်းအနေဖြင့် ၂၀၂၆ ခုနှစ်၊ မေလ (စတုတ္ထပတ်)တွင် ကျွန်းထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် (၇၀,၅၀၀) ၊ ယောထောပတ်ပဲ တစ်တင်းလျှင်ကျပ် (၇၁,၀၀၀)ဈေး ဖြစ်ပြီး (ပထမပတ်)တွင် ကျွန်းထောပတ်ပဲဖြူတစ်တင်းလျှင် ကျပ်(၆၄,၀၀၀)၊ ယော ထောပတ်ပဲ တစ်တင်းလျှင်ကျပ် (၆၅,၀၀၀) ဖြစ်ခဲ့၍ ယခင်(ပထမပတ်)နှင့် နှိုင်းယှဉ်ပါက

တစ်တင်းလျှင် ကျပ် (၁၀,၀၀၀)ခန့် ဈေးကျနေပြီး၊ နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်မှုမှာ အိတ်ရေ (၃၀၀ မှ ၁၀၀၀)ထိ ဝင်ရောက်ခဲ့ပြီး တင်ပို့မှုအနေဖြင့် မြန်မာပြည်အောက်ပိုင်းသို့ တစ်လလျှင် အိတ်ရေအားဖြင့် (၄၀၀၀)ကျော် တင်ပို့နေကြောင်း၊ ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရပါသည်။

**Source: DOCA (မကွေး)**

## ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကုန်စိမ်းသီးနှံများ ကုန်စည်စီးဆင်းမှုအခြေအနေ

ပြောင်းသီးနှံမှာ ပြည်တွင်း/ပြည်ပ ဝယ်လိုအားများနေသဖြင့် ဈေးကောင်းရရှိနေပြီး ကြက်သွန်ဖြူသီးနှံမှာ ဈေးကွက်အဝင်နည်းနေသဖြင့် ဈေးနှုန်းမြင့်တက်လာပြီး အခါကြီးရက်ကြီးများတွင် ဝယ်လိုအားကောင်းနေသောကြောင့် ကုန်စည်စီးဆင်းမှုများနေပါသည်။ အာလူးသီးနှံမှာဈေးနှုန်းကျဆင်းနေပြီး ပြည်တွင်းဒေသစုံမှ ဝယ်လိုအားများရှိနေ၍ ကုန်စည်စီးဆင်းမှုများနေပြီး ချင်းသီးနှံမှာ ဈေးငြိမ်နေသော်လည်း ပြည်တွင်းဈေးကွက် အသုံးများနေသောကြောင့် ကုန်စည်စီးဆင်းမှုများကောင်းနေပါကြောင်းနှင့် ယခုလတွင် ကုန်စိမ်းသီးနှံများမှာ ဈေးနှုန်းကျဆင်းလာသော်လည်း ကုန်စည်စီးဆင်းမှုမှာ ပြည်တွင်းဒေသစုံမှ အဝယ်ရှိနေကြောင်း လေ့လာသိရှိရပါသည်။

**Source: အောင်ပန်းပွဲရုံများ Facebook Page**

## ရေချိုငါးလုပ်ငန်းဥပဒေပြင်ဆင်နိုင်ရေး တိုင်ပင်လုပ်ဆောင်သွားရန်ရှိ



တတိယအကြိမ်ရောဝတီတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ဇွန်လ ၂ ရက်မှာ စတင်ကျင်းပသွားမှာဖြစ်ပြီး လွှတ်တော်မှာ ရေချိုငါးလုပ်ငန်းဥပဒေနဲ့ စည်ပင်ဥပဒေပြင်ဆင်နိုင်ရေးကို ဥပဒေပညာရှင်တွေနဲ့ အဆင့်ဆင့်တိုင်ပင်ပြီး အချိန်ယူလုပ်ဆောင်သွားဖို့ရှိတယ်လို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောပါတယ်။

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ဇွန်လ ၂ ရက်မှာ စတင်ကျင်းပသွားမှာဖြစ်ပြီး အစည်းအဝေးကာလကို ဇွန်လတစ်လလုံး သတ်မှတ်တယ်လို့လည်း ဆိုပါတယ်။ဒါ့အပြင် လွှတ်တော်အစည်းဝေးကာလအတွင်းမှာ မေးခွန်း ၁၅၀ နဲ့ အဆို ၁၀ ခု တင်ပြဖို့ ရွေးချယ်သတ်မှတ်ထားတယ်လို့လည်းပြောကြားခဲ့ပါတယ်။

**Source:** https://onenewstvchannel.com/

## မြို့တော်ပုံရိပ်ကို မြှင့်တင်ရာ၌ အစားအသောက်ဝန်ဆောင်မှုအရေးကြီးဟုဆို

မြို့တော်ရဲ့ပုံရိပ်ကိုမြှင့်တင်ရာမှာ အစားအသောက်ထုတ်လုပ်ရောင်းချသူတွေရဲ့ သန့်ရှင်းမှုနဲ့ဝန်ဆောင်မှုအပိုင်းဟာ အလွန်အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်နေတယ်လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းက ပြောပါတယ်။ ဇွန်လ(၁)ရက် မနက်ပိုင်းက ရန်ကုန်မြို့၊ ဗိုလ်ဆွန်ပက်လမ်းရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှာ ကျင်းပပြုလုပ်တဲ့အစားအသောက်ဘေးကင်းလုံခြုံရေးနဲ့ ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးသင်တန်းအပတ်စဉ်(၅)သင်တန်းဖွင့်ပွဲ အမှာစကားပြောကြားရာမှာ အခုလိုထည့်သွင်းပြောကြားခဲ့တာပါ။



စားသောက်ကုန်ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ ဆိုင်ရှင်တွေအနေနဲ့ အစားအသောက်တွေကို ကိုင်တွယ်ချက်ပြုတ်တဲ့နေရာမှာ ဘေးကင်းလုံခြုံစိတ်ချရတဲ့ နည်းလမ်းတွေနဲ့ သန့်ရှင်းရေးစံနှုန်းတွေကို စနစ်တကျ လိုက်နာဖို့ အထူးလိုအပ်တယ်လို့ ဆိုပါတယ်။ အစားအသောက်ဘေးကင်းလုံခြုံရေးနဲ့ ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေးသင်တန်း အပတ်စဉ်(၅) သင်တန်းကို (၅)ရက်ကြာ ဖွင့်လှစ်နေတာ ဖြစ်ပါတယ်။ သင်တန်းမှာ အစားအသောက်တွေ ချက်ပြုတ်ရောင်းချရာမှာ ဘယ်လိုသန့်ရှင်းသန့်ရပ်စွာနဲ့ ရောင်းချရမယ်ဆိုတဲ့ အချက်တွေ၊ လာရောက်စားသုံးသူတွေကို ဝန်ဆောင်မှုပေးရာမှာလည်း သန့်ရှင်းမှုရှိရမဲ့ဆိုတဲ့အချက်တွေကို သင်ကြားပေးတာဖြစ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ထွေးထွေးအောင်ကပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းစနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့၊ ဝန်ဆောင်မှုအဆင့်အတန်းတွေ ကောင်းမွန်လာစေဖို့နဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့တို့အတွက် ရည်ရွယ်ဖွင့်လှစ်တာဖြစ်တယ်လို့ သိရပါတယ်။ အခုဖွင့်လှစ်တဲ့သင်တန်းကို ကမာရွတ်မြို့နယ်အတွင်းမှာရှိတဲ့ အစားအသောက်ရောင်းချတဲ့သူတွေ တက်ရောက်နေတာဖြစ်ပြီး သင်တန်းကိုလသာမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ တာမွေမြို့နယ်နဲ့ ဒလမြို့နယ်တွေမှာ ဖွင့်လှစ်ခဲ့ပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ဆိပ်ဖြူကြက်သွန်နီ ၂၀၂၆ ခုနှစ်၊ မေလ (စတုတ္ထပတ်) ဈေးနှုန်းဈေးကွက်နှင့် ကုန်စည်စီးဆင်းမှု အခြေအနေ



၂၀၂၆ ခုနှစ်၊ မေလ (ပထမပတ်)တွင် ကြက်သွန်နီဈေးအနေဖြင့် အနည်းငယ်တက်နေပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဈေးကွက်သို့ ကြက်သွန်နီစိုက်ပျိုးမှုများသော ဒေသတွင်းကျေးရွာများမှ ဝင်ရောက်ကြောင်း၊ ပွဲရုံဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်း သော်လည်း မြို့ပေါ်ရှိ ပွဲရုံများမှ သိုလှောင်ထားရှိသော ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများကြောင်း ဈေးကွက်မှသိရှိရသည်။

ကုန်စည်ဒိုင်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မှုနည်းပြီး တစ်ရက်ပျမ်းမျှပိဿာကုန်ချိန် (၃)သောင်းခန့် ဝင်ရောက်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် မေလ(စတုတ္ထပတ်)တွင် ကြက်သွန်နီအရည်အသွေးလိုက်၍ တောဈေး (ဂွန်) တစ်ပိဿာလျှင် ကျပ်(၁၈၀၀-၂၀၀၀)ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခင် ဧပြီလ (စတုတ္ထပတ်)တွင် ကြက်သွန်နီဈေး တစ်ပိဿာကျပ်(၁၀၀၀-၁၄၅၀)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ယခင်လနှင့်ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်လအတွင်း ကြက်သွန်နီ တောဈေး (ဂွန်) တစ် ပိဿာကျပ်(၈၀၀-၅၅၀)ခန့် ဈေးအနည်းငယ်တက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ (ဂွန်) ကြက်သွန်နီ များကို ပွဲရုံများမှ ပြန်လည်သန့်စင်ပြီး ကြက်သွန်နီဥ အရွယ်အစား၊ အရည်အသွေးလိုက်၍ တစ်ပိဿာလျှင် ကျပ် (၂၅၀၀-၂၀၀၀)

ဈေးအသီးသီးဖြင့် ဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချကြောင်း၊ ဆိပ်ဖြူမြို့၊ ပတ္တမြားဈေးအတွင်း ဆိုင်များနှင့် ရပ်ကွက်ဈေးဆိုင်များတွင်လည်း ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ်(၂၀၀၀-၂၅၀၀) ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ နေ့စဉ် (၁၂)ဘီးကားများဖြင့်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် မြဝတီ၊ မော်လမြိုင်မြို့များမှ တစ်ဆင့် ထိုင်း၊ ဗီယမ်နမ်နိုင်ငံများသို့ တင်ပို့ကြောင်း၊ မေလ (စတုတ္ထပတ်)တွင် ကြက်သွန်နီကုန်ချိန်ပိဿာ (၄)သိန်းခန့်၊ တန်ချိန်အားဖြင့် (၄၅၀)တန်ချိန် ကုန်စည်စီးဆင်းခဲ့ကြောင်း ဈေးကွက်မှ သိရပါသည်။

**Source: DOCA(**မကွေး)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇,၃၈၇ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ် စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ဇွန်လ ၄ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇,၃၈၇ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရပါသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရပါသည်။

https://www.doca.gov.mm

## ဥရောပသမဂ္ဂ (EU) က မျိုးရိုးဗီဇပြုပြင်ထားသောကောက်ပဲသီးနှံ ၄ မျိုးအား ထပ်မံတင်သွင်းခွင့်ပြု

ဥရောပကော်မရှင် (European Commission) သည် မျိုးရိုးဗီဇပြုပြင်ထားသော (GMO) ကောက်ပဲသီးနှံ ၄ မျိုးကို အစားအစာနှင့် တိရစ္ဆာန်အစာထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ခွင့်ပြုချက်ပေးလိုက်ပြီဖြစ်ကြောင်း၊ ယင်းတို့မှာ ဝါဂွမ်းမျိုးကွဲ ၂ မျိုး၊ ပြောင်းဖူး ၁ မျိုးနှင့် ပဲပုပ် ၁ မျိုးတို့ဖြစ်ပြီး ခွင့်ပြုချက်သက်တမ်း ၁၀ နှစ်ဖြစ်ကြောင်း၊ မတ်လ ၁၂ ရက်နေ့က တရားဝင်ပြန်တမ်း (Official Journal of the EU) တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ယခုခွင့်ပြုချက်သည် အစားအစာနှင့်တိရစ္ဆာန်အစာအဖြစ် အသုံးပြုရန် သီးသန့်တင်သွင်းခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက်သာ အကျုံးဝင်ပြီး၊ ဥရောပသမဂ္ဂ (EU) ဒေသအတွင်း အဆိုပါကောက်ပဲသီးနှံမျိုးများကို စိုက်ပျိုးခွင့် လုံးဝခွင့်မပြုထားကြောင်း တရားဝင်ထုတ်ပြန်ချက်များအရသိရသည်။ ခွင့်ပြုချက်ရရှိထားသော မျိုးရိုးဗီဇပြုပြင်ထားသော



ထုတ်ကုန်များ (GMO) အနေဖြင့် ပြည်တွင်းဈေးကွက်၌ ရောင်းချရာတွင် တံဆိပ်ကပ်ခြင်းနှင့် နောက်ကြောင်း လိုက်လံစစ်ဆေးခံနိုင်ခြင်းစသည့် EU ၏ တင်းကျပ်သော စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ကြောင်း အမေရိကန် စိုက်ပျိုးရေးဌာန (USDA) ကို ကိုးကား၍ ukragroconsult က သတင်းဖော်ပြထားသည်။

တရုတ်နိုင်ငံBeijing DaBeiNong ဇီဝနည်းပညာ ကုမ္ပဏီကိုယ်စား ဘယ်လ်ဂျီယံကုမ္ပဏီ Perseus BV က ဥရောပသို့ ပထမဆုံးတင်သွင်းထားသော မျိုးရိုးဗီဇပြုပြင်ထားသော ပဲပုပ်အမျိုးအစား DBN-09004-6 လည်းပါဝင် သည်။ ဥရောပကော်မရှင်သည် ပြောင်းဖူးအမျိုးအစား T25 (ACS-ZMØØØ3-2) နှင့် ဝါဂွမ်းစပ်မျိုး GHB614 × LLCotton25 တို့ကို တင်သွင်းခွင့်သက်တမ်းကိုလည်း တိုးမြှင့်ပေးခဲ့သည်။ ယခု ဆုံးဖြတ်ချက်များသည် ကုန်သွယ်မှုအတွက်သာဖြစ်ပြီး ဥရောပ ကော်မရှင်၏ မျိုးရိုးဗီဇပြုပြင်ထားသော (GMO) သီးနှံဆိုင်ရာမူဝါဒကို အကျိုးမသက်ရောက်ကြောင်း သတင်းများက ဖော်ပြထား ပါသည်။

**Source:** https://logos-pres.md/en/news/

## STOCK EXCHANGE (2.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Jun. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,661 (Shares) | 139,211,250 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 17,000 | +0 | +0.00% | 17,500 | 17,500 | 16,500 | 1,270 | 21,237,500 | 33,109,694 | 562,865 |
| MTSH | 00002 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 3,824 | 30,209,600 | 38,929,150 | 307,540 |
| MCB | 00003 | 11,500 | +0 | +0.00% | 12,000 | 12,000 | 11,500 | 1,201 | 13,911,500 | 10,400,986 | 119,611 |
| FPB | 00004 | 5,700 | +0 | +0.00% | 5,700 | 5,700 | 5,700 | 4,624 | 26,356,800 | 31,144,738 | 177,525 |
| TMH | 00005 | 3,350 | -50 | -1.47% | 3,350 | 3,400 | 3,350 | 42 | 141,050 | 12,823,224 | 42,958 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 4,448 | 8,006,400 | 19,977,223 | 35,959 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 542 | 2,168,000 | 10,497,598 | 41,990 |
| MAEX | 00008 | 4,800 | +0 | +0.00% | 4,800 | 4,900 | 4,800 | 1,210 | 5,830,400 | 23,804,946 | 114,264 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 2nd Jun. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 739.49 | +0.19 | +0.03% | 750.96 | 750.96 | 732.35 | 17,161 | 107,861,250 | 8 | 1,402,712 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Jun. 2026

| Trading Volume | Trading Value |
|---|---|
| 23,442 (Shares) | 150,551,050 (MMK) |

### Main Board

As of 1:00 pm, 2nd Jun. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,661 (Shares) | 139,211,250 (MMK) |

| MYANPIX | 739.49 ▲ 0.19 |
|---|---|
| Total Volume (shares) | 17,161 |
| Total Value (MMK) | 108 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,402,712 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 17,000 | ▲ 0 |
| MTSH | 00002 | 7,900 | ▲ 0 |
| MCB | 00003 | 11,500 | ▲ 0 |
| FPB | 00004 | 5,700 | ▲ 0 |
| TMH | 00005 | 3,350 | ▼ 50 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 4,800 | ▲ 0 |

TIR